**Auckland Regional Public Health Service**

**Rātonga Hauora ā Iwi o Tamaki Makaurau**

AUCKLAND DISTRICT HEALTH BOARD · COUNTIES MANUKAU DISTRICT HEALTH BOARD · Waitemata District Health Board Te Wai Awhina

Working with the people of Auckland, Counties Manukau and Waitemata

**Auckland Regional Public Health Service**

**Rātonga Hauora ā Iwi o Tamaki Makaurau**

AUCKLAND DISTRICT HEALTH BOARD · COUNTIES MANUKAU DISTRICT HEALTH BOARD · Waitemata District Health Board Te Wai Awhina

Working with the people of Auckland, Counties Manukau and Waitemata

# ဆရာဝန် ကသင့် အား ဆေးရုံ (သို့မဟုတ်) ဆေးခန်းရှိ အထူးကုဆရာဝန် ထံ ညွှန်းခဲ့သည့် အခါ

**Doctor Referral—Burmese**
**June 2011**

**ဆရာဝန် ကသင့် အား ဆေးရုံ (သို့မဟုတ်) ဆေးခန်းရှိ အထူးကုဆရာဝန် ထံ ညွှန်းခဲ့လျှင်အခမဲ့ ဖြစ် သည်၊ အခ ကြေးငွေ ပေး ရန် မလို အပ် ပါ။**

ဆေးရုံ (သို့မဟုတ်) ဆေးခန်းမှ သင့် အား စာဖြင့်ရက်ချိန်းပေး မည်။ ရက်ချိန်း ရ ရန် ပုံမှန် အားဖြင့် (၃)လ ကြာမည် ဖြစ် မည်။

စာရောက်လာ လျှင် သေချာစွာဖတ်ပါ (သို့မဟုတ်) တယောက်ယောက် ကို ဖတ်ပေး ခိုင်း ပါ။ ဖော်ပြပါ ညွှန်ကြားမှု အား လုံး ကို လိုက် နာ ၍ ရက်ချိန်း ကို သွားမည် ကို အတည်ပြု အကြောင်း ကြား ပါ။

လိုအပ် လျှင် ဆေးရုံ (သို့မဟုတ်) ဆေးခန်းကို စကားပြန် လို အပ်သည် ကို တောင်း ပါ။ အမျိုးသမီး (သို့မဟုတ်) အမျိုးသား စကားပြန်တောင်း နိုင်ပြီး လို အပ် သည့် ဘာသာစကား ကို တောင်း ခံ နိုင် သည်။
အကယ်၍ ရက်ချိန်း ကို ပြောင်းလို ဖျက် လို လျှင် ဆေးရုံ (သို့မဟုတ်) ဆေးခန်း သို့ ဖုံး ဖြင့် ဆက်သွယ် အကြောင်းကြားပါ။
အကယ်၍ ရက်ချိန်းထားသည့် အတိုင်း မသွားရောက် ပါက၊ နောက်ထပ် ရက်ချိန်း ရ ရန် ခက်ခဲ မည့် အပြင်၊ စောင့် ဆိုင်း သည့် စာရင်း မှ နာမည် လည်း ထုတ် ပယ် ခံ ရ မည်။

ဆေးရုံ မှ ရ လဒ် များ ကို သင်၏ အထွေထွေ ကု ဆရာ ဝန် ထံ ပို့ မည် ဖြစ် ပြီး၊ အကယ် ၍ သင့် အနေ ဖြင့် အထွေထွေ ကု ဆရာ ဝန် တဦးထက် မ က ရှိ ပါ က၊ ဆေးရုံ (သို့မဟုတ်) ဆေးခန်းသို့ ညွှန်းသည့် ဆရာ ဝန် ထံ သို့ ရ လဒ် ကို ပို့ ပေး မည် ဖြစ်သည်။

ဆေးရုံ (သို့မဟုတ်) ဆေးခန်း သို့ သွား မည် ဆို လျှင် ကြို တင် စီစဉ် ပြင် ဆင် မှု လို အပ် သည်။

ဆေးရုံ (သို့မဟုတ်) ဆေးခန်းသို့ ချိန်းထား သည့် အချိန်မတိုင် မီ အချန်မှီ ကြို တင် ရောက် နိုင် ရန် ကြို တင်၍ ကား စီစဉ် ရန် လို အပ် သည်။ အကယ် ၍ ၄င်း ဆေး ခန်း သို့ တခါ မျှ မရောက် ဘူး ခဲ့ လျှင် ဆေးခန်း ကို ရှာ နိုင် ရန်၊ နာ ရီ ဝက် အချိန်ပို ပေး ပါ။ သင် ၏ အလှည့် မလွတ်သွား ရ လေ အောင် ချိန်းထားသည့် အချိန်ရောက် ရန် အရေး ကြီး ပါသည်။

အကယ်၍ ခလေးငယ် များ ရှိ လျှင် ကြို တင် ၍ ခလေး များ ကို အိမ်တွင် ၄င်း ဆေး ရုံ တွင် ၄င်း ကူညီ ကြည့်ပေး ရန် မိသား စု ဖြစ် စေ မိတ်ဆွေ ဖြစ် စေ ကြည့် ရှုထားပေးနိုင်ရန် စီစဉ် ရ မည် ဖြစ် သည်။ ဤကဲ့သို့ စီစဉ် ရန် သင် ၏တာ ဝန် ဖြစ် သည်။